ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်



လူထုစည်းရုံးရေးမှူးအမည် - ဒေါ်မိုးဖြူဂင်း

လက်ထောက်နည်းပညာမှူးအမည် - ဦးဟိန်းဆက်အောင်

ကမာကေးကျေးရွာအုပ်စု၊ ကမာကေးကျေးရွာ

2017 ခုနှစ်

# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ....................3
၂။ ကမာကေးကျေးရွာတည်နေရာပြမြေပုံ ....................4
၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ....................5
၄။ ကျေးရွာအခြေခံအချက်အလက်များ ....................5
၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ....6
၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ....................8
၆.၁ အရင်းအမြစ်ပြမြေပုံ ....................8
၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြပန်ကားချပ် .................... 10
၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း .................... 11
၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း .................... 12
၆.၅ ရာသီခွင်ပြဇယား .................... 15
၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု .................... 16
၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .................... 17
၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း .................... 19
၉။ ကျေးရွာအချက်အလက် (ပုံစံ-၁) .................... 20
၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) .................... 22
၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) .................... 23
၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) .................... 24
၁၃။ အစည်းအဝေးမှတ်တမ်းများ .................... 25
၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ .................... 27
၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ .................... 27
၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ .................... 28

## ၁။ ချောင်းဆုံမြို့နယ်မြေပုံ


MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Taw Ka Nar
Ka Lwi
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Chaungzon
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Hpan Hpa
Ku Lar Bi
Zee Kone
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair (GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ ကမာကေးကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ကမာကေးကျေးရွာအုပ်စု | ကမာကေးကျေးရွာ |
| | တော်ကပူးကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ကမာကေးကျေးရွာ

ကျေးရွာအုပ်စုအမည် - ကမာကေးကျေးရွာအုပ်စု

လူဦးရေ - ကျား - ၁၂၈၂ ၊ မ ၁၃၀၃၊ စုစုပေါင်း (၂၅၈၉) ဦး

အိမ်ထောင်စု - ၄၇၉စု

ကျန်းမာရေးဆေးပေးခန်း - ရှိ

ပညာရေးအဆောက်အဦး -ရှိ

လူမှုရေးအဆောက်အဦး - ရှိ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာလုပ်ငန်း၊ ကျဘမ်းရေလုပ်ငန်း

အဓိက ပိုင်ဆိုင်မှု - လယ်ယာ၊ ဥယျာဉ်ခြံ

အခြားဆက်နွယ်မှု ရှိ/မရှိ - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 25.12.2017 | ကျေးရွာလူထု | 13 | 25 | 38 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 25.12.2017 | ကျေးရွာလူထု | 13 | 25 | 38 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာခနေ ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 25.12.2017 | ကျေးရွာလူထု | 13 | 25 | 38 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်း များကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 25.12.2017 | ကျေးရွာလူထု | 12 | 26 | 38 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 25.12.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 12 | 26 | 38 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning) | 27.12.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 12 | 26 | 38 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 27.12.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 12 | 26 | 38 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ




**ကမာကေးကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမာကေးကျေးရွာအုပ်စု၊ ကမာကေးကျေးရွာတွင် အိမ်ထောင်စု (၄၇၉) စုရှိပြီး မွန်လူမျိုးအများစု နေထိုင်ကြပါသည်။ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းများလုပ်ဆောင်ကြပြီး ကိုယ်ပိုင်လုပ်ငန်းမရှိသော အိမ်ထောင်စုများမှာ နေ့စားကျဘမ်းအလုပ်များအပြင် နိုင်ငံရပ်ခြားတွက် သွားရောက်အလုပ်လုပ်ကိုင်ပြီး အသက်မွေး ဝမ်းကျောင်းမှုများ ပြုကြပါသည်။

ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းရှိပြီး ကျေးရွာအဝင်တွင် အောက်ကျောင်းနှင့် ကျေးရွာ၏ တောင်အမြင်ပိုင်တွင် မဟွတ်ကျောင်းဆောင်များ ရှိပါသည်။ ဘုန်းတော်ကြီးကျောင်းများမှာ စေတီနှင့် တွဲလျှက်တွေ့ရှိပါသည်။

ပညာရေးအဆောက်အဦး အနေဖြင့် မူလတန်းကျောင်း(၂)ကျောင်း၊ အထကကျောင်း၊ မူကြိုကျောင်းများရှိသောကြောင့် ကျေးရွာတွင်ရှိ ကလေးများအလွယ်တကူ ပညာသင်ကြားနိုင် ရုံသာမက ရွာချင်းဆက် ကျေးရွာရှိ ကလေးများပါ ပညာသင်ကြားနေသည့်ကို တွေ့ရှိရပါသည်။ ကျေးလက်ဆေးပေးခန်း၊ သားဖွားခန်း၊ စာကြည့်တိုက်၊ အရံမီးသတ်ရုံးတို့ကို ဆောက်လုပ်ထားပါသည်။ ကျေးလက်ဆေးပေးခန်းရှိသည့် အတွက် အခြေခံကျန်းမာရေးဖြစ်ပေါ်လာပါက ကျေးရွာတွင်း၌သာ


ကုသနိုင်ပါသည်။ အရေးပေါ်ကျန်းမာရေး အခြေနေဖြစ်ပေါ်လာပါက မုရစ်ကလေးတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရကြောင်း သိရရှိရပါသည်။ ထို့ပြင် အထွေထွေရောဂါကုသရန်အတွက် ပုဂ္ဂလိကဆေးခန်းတစ်ခုနှင့် သွားဖက်ဆိုင်ရာဆေးခန်းလည်း ရှိပါသည်။

ကျေးရွာ၏ရွာပတ်လမ်းများသည် ကတ္တရာလမ်းများဖြစ်ပါသည်။ တချို့လမ်းသွယ်များသည် ကွန်ကရစ်လမ်းများဖြစ်ပြီး အချို့လမ်းများသည် မြေနီလမ်းများဖြစ်သည့်အတွက် မိုးရွာသည့်အခါ လမ်းများသည် ဗွတ်ထ၍သွားလာရခက်ခဲပါသည်။ ကမာကေးကျေးရွာတွင် ရေတွင်းများသည် စုပေါင်းသုံးစွဲရန်အတွက်သာရှိပြီး နွေရာသီတွင် ရေလုံလောက်မှုမရှိပါ။ ကျေးရွာတွင်ရှိ ပုဂ္ဂလိကအဝီစိတွင်းများမှ ရေဝယ်ယူသုံးစွဲနေရပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုရာတွင် ရေငန်ဝင်ရောက်တတ်ခြင်း၊ ပိုးကျ၍သီနှံများပျက်စီးခြင်း၊ ရေကာတာများပျက်စီးသောကြောင့် လယ်ယာထဲသို့ရေများဝင်ရောက်ပြီး စပါးအထွက်နှုန်းလျော့ကျလာပြီး စာဝတ်နေရေးအဆင်မပြေသည့် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ ကျေးရွာတွင်းရှိ လူနည်းစုများမှာ ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်စား သောက်ပြီး နေထိုက်လျက်ရှိပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ကျဘမ်းလုပ်ကိုင်စား သောက်ရာတွင် ကျေးရွာအတွင်းတွင်သာမဟုတ်ဘဲ အခြားကျေးရွာများသို့ သွားရောက်လုပ်ကိုင်ရခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း စသည့်အခြေနေများကြောင့် လူငယ်အများစုသည် အလုပ်အကိုင် အခွင့်အလမ်းများရရှိသော နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်းရှိ ကျန်ရှိသော မိသားစုဝင်များမှာ ၄င်းတို့ထံမှ ထောက်ပံပေးပို့လိုက်သော ငွေကြေးဖြစ်ရပ်တည် နေထိုင်ကြပါသည်။

ကမာကေးကျေးရွာတွင် အများအားဖြင့် အခြေခံအဆောက်အဦးများမှာ ပြည့်စုံလုံလောက်မှု ရှိသော်လည်း ကျေးရွာတွင်နေထိုင်သော လူထုများမှာ ရပ်ရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီး အသိပညာနည်းပါးခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် အလေ့အကျင့်နည်းပါးလျက်ရှိပါသည်.။ ထို့ကြောင့် ကျေးရွာလူထုကိုယ်တိုင် အမှန်တကယ် လိုအပ်နေသော ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ၄င်းတို့အချင်းချင်း ပူးပေါင်းလုပ်ကိုင်ပြီး အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များအား အခါအားလျော်စွာ လေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးမှုအတွက်လည်း အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်သည့် သင်တန်းများအား ကျေးရွာသူ/သားများအား ပံ့ပိုးပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ လိုအပ်နေကြောင်း လေ့လာသုံးသပ် ရပါသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်




### ကမာကေးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်

ကမာကေးကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာနှင့်ကျေးရွာလူထုအပေါ် အရေးကြီးမှုနှင့်ချိတ်ဆက်မှုများ ရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာတွင်သြဇာနှင့် လုပ်ပိုင်ခွင့်အပြည့်အဝရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် ပြင်ပမှ လာရောက်သော ကျေးလက်ဒေသအဖွဲ့အစည်း နှင့် ချိတ်ဆက်ပြီး ကျေးရွာတွင်လိုအပ်လျက်ရှိသော အဝီစိတူးဖော်ခြင်း၊ ရေကန်များတည်ဆောက်ပေးခြင်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

နာရေးကူညီမှုအသင်းသည် ကျေးရွာ၏နာရေးကိစ္စအဝဝနှင့်ပတ်သက်၍ အဓိကကူညီပေးသောအဖွဲ့ဖြစ်သည်။ ထိုအဖွဲ့သည်ကျေးရွာလူထုနှင့်ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်ကြပါသည်။ သွေးလှူရှင်အဖွဲ့သည် ကျေးရွာအတွင်းနှင့်ကျေးရွာပြင်ပရှိ သွေးလိုအပ်သောလူနာများကို ကူညီပေးနေသောအဖွဲ့ဖြစ်သည်။ မီးလင်းရေးကော်မတီ၊ ကျေးရွာ

စီမံကိန်းအထောက်အကူပြုကော်မတီများသည် ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ပြင်ပမှ လာရောက်ကြသော အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသော အဖွဲ့အစည်းများဖြစ်ပါသည်။ ကျောင်းကော်မတီ၊ မီးသတ်၊ မိခင်နှင့်ကလေး၊ ဂေါပက အဖွဲ့များသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ပြီးလုပ်ဆောင်နေကြသော အဖွဲ့အစည်းများ ဖြစ်ကြသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း


ရွာနေထိုင်မှုအဆင့်သတ်မှတ်ခြင်း

ကျေးရွာအုပ်စု - ကမာကေး
ကျေးရွာ - ကမာကေး

ရက်စွဲ - ၇၅.၁၂.၁၆

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| 1. | က | လယ် (၅၂)ဧကအထက်၊ တိုက်အိမ်၊ ဆိုင်ကယ်၊ ကား၊ ကျွဲနွားအကြီးများ (၂၂)ကောင် | ၁၀ |
| 2. | ခ | လယ် (၂၁)ဧက၊ သစ်အိမ်၊ ဈေးဆိုင်ငယ်၊ နေ့စားလုပ်ကိုင်သူ၊ ဆိုင်ကယ်၊ ထော်လာဂျီ | ၂၀၀ |
| 3. | ဂ | ဝါးအိမ်၊ တံငါလုပ်၊ လက်လုပ်လက်စား၊ မြေယာပိုင်ဆိုင်မှုမရှိ၊ ဒေါင်းရှက်သည် | ၂၆၉ |

### ကမာကေးကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်


မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမာကေးကျေးရွာတွင် အိမ်ထောင်စု (၄၇၉) ရှိပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။ အိမ်ထောင်စု (၁၀) စုမှာ လယ် (၂၀) ဧကအထက်၊ ရာဘာခြံ (၂) ဧကအထက်၊ တိုက်အိမ်၊ ကား၊ ဆန်စက်၊ အိမ်ခြံမြေပိုင်ဆိုင်မှုများရှိပြီး ဓနအင်အားအဆင့်သတ်မှတ်ချက် (က) တွင်ရှိပြီး ချမ်းသာသော အိမ်ထောင်စုများဖြစ်သည်။

အိမ်ထောင်စု (၂၀၀) မှာ လယ် (၁၀) ဧကအထက်၊ ပျဉ်ထောင်အိမ်သွပ်မိုး၊ ထော်လာဂျီ၊ ဆိုယ်ကယ်၊ စက်ဘီး၊ ကုန်စုံဆိုင် (အသေး) ပိုင်ဆိုင်မှုများရှိပြီး ဓနအင်အားအဆင့်သတ်မှတ်ချက် (ခ) တွင်ပါဝင်ပြီး အသင့်အတင့်ချမ်းသာသူများဖြစ်သည်။

အိမ်ထောင်စု (၂၆၉) မှ၏ ဝါအိမ်၊ တံငါးလုပ်ကိုင်၊ လက်လုပ်လက်စား ၊ မြေယာပိုင်ဆိုင်မှုမရှိ ခေါင်းရွက်သည်၊ စက်ဘီးပိုင်ဆိုင်မှုများရှိပြီး ဓနအင်အားအဆင့် (၈) တွင်ပါဝင်၍ နွမ်းပါးသူများ ဖြစ်သည်။

ကျေးရွာ၏ သုံးပုံ နှစ်ပုံခန့်မှာ နွမ်းပါးကြသည်ကိုတွေ့ရသည်။ ၄င်းကဲ့သို့ဖြစ်နေခြင်းမှာ စိုက်ပျိုးရေးကိုသာအဓိကအားထားနေကြရသော်လည်း စိုက်ပျိုးနိုင်သည့် အရင်းအမြစ်များပိုင်ဆိုင်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာများ တတ်မြောက်မှု နည်းပါးခြင်းအပြင် ပညာရေးကဏ္ဍတွင်လည်း အားနည်းမှုများရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ်ရပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



## ကမာကေးကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း

ကမာကေးကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

### 1. ခေါင်းဆောင်မှုကဏ္ဍ

ဦးဆောင်မှုကဏ္ဍတွင် အမျိုးသားများက အမျိုးသမီးများထက် ပိုမိုများပြား နေပါသည်။ အမျိုးသမီးများ အများစုသည် အိမ်မှုကိစ္စများကို အဓိကလုပ်နေရသောကြောင့် အားနည်းရခြင်း ဖြစ်သည်။ အမျိုးသမီးများကိုယ်တိုင်သည်လည်း ခေါင်းဆောင်မှုအပိုင်းသည် အမျိုးသားများနှင့်သာ သက်ဆိုင် သည်ဟု ယူဆထားသောကြောင့် ဦးဆောင်မှုအပိုင်းတွင် အမျိုးသမီးများ အားနည်းနေရခြင်း ဖြစ်ပါသည်။

### 2. ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍတွင် အမျိုးသမီးများသည် ပညာသင်ကြားမှု အခွင့်အလမ်းများရရှိနေပါသည်။ အမျိုးသားများမှာ အိမ်၏စီးပွားရေး အခြေနေအလိုက် နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ရခြင်း တစ်ခြားသောမြို့နယ်များသို့ သွားရောက်ကျဘမ်းလုပ်ကိုင်ပြီး မိသားစုဝင်ငွေရရှိအောင် လုပ်ဆောင်နေကြရသောကြောင်း ပညာရေးကဏ္ဍတွင် အမျိုးသားများထက် အမျိုးသမီးများ ပညာသင်ကြားခွင့် ပိုမိုရရှိနေပါသည်။

### 3. အိမ်မှုကိစ္စ

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ရွက်ပြကာ လုပ်ကိုင်နေကြသောကြောင့် ဖြစ်သည်။

### 4. ဝင်ငွေ

ဝင်ငွေရရှိမှုအပိုင်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက်အချိုးကျမှုရှိနေသည်ကို တွေ့ရသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက် ပိုမိုနေသောကြောင့် ဝင်ငွေရရှိမှုအပိုင်းတွင်လည်း အမျိုးသားများကသာ အမျိုးသမီးများထက် ပိုမိုသည်။ လုပ်အား အတွက် အချိန်ပေးမှုမှာ အမျိုးသားများနှင့် အမျိုးသမီးများတန်းတူ ဖြစ်သော်လည်း လုပ်ငန်းအားလုံး နီးပါးတွင် လုပ်ခလစာပေးချေမှုမှာ အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုရရှိခြင်းကြောင့်လည်း ဝင်ငွေရရှိမှုအပိုင်းတွင် အမျိုးသားများက ပိုသည်ကိုတွေ့ရသည်။

### 5. အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများမှာ အမျိုးသမီးများထက် အလုပ်အကိုင်အခွင့် အလမ်း များပြားကြပါသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများကို ပိုမိုလုပ်ရခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းရှားပါးကြပါသည်။

### 6. လုံခြုံမှု

ဘဝလုံခြုံမှုအပိုင်းကိုလေ့လာရာတွင်လည်း အမျိုးသားများမှပိုမိုမြင့်မားသည်ကို တွေ့ရသည်။ လေ့လာသုံးသပ်ချက်အရ အမျိုးသမီးများ ဘဝလုံခြုံမှုအပိုင်းတွင် နိမ့်ကျနေခြင်းမှာ ပတ်ဝန်းကျင် ပယောဂများကြောင့်မဟုတ်ဘဲ ၄င်းတို့၏စိတ်ပိုင်းဆိုင်ရာကြောင့်သာ လုံခြုံမှုနည်းသည်ဟု ခံစားရခြင်း ကြောင့် ဖြစ်ကြောင်းသိရှိရသည်။


### 7. ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ဤကဏ္ဍတွင် အမျိုးသမီး၊ အမျိုးသားများသည် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု တူညီလျက်ရှိပါသည်။ အမျိုးသား/အမျိုးသမီး ခွဲခြားထားမှုများမရှိဘဲ ရှာဖွေဆုဆောင်းရာမှ ရရှိလာ သည့်ပစ္စည်းဥစ္စာများအား အတူတကွ ပိုင်ဆိုင်ပြီး ထိန်းချုပ်သုံးစွဲမှုများရှိသည်။

### 8. ရပ်ရွာအရေးပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အရင်းအမြစ်များကိုစီမံခန့်ခွဲခွင့်

၄င်းကဏ္ဍ (၃) ခုလုံးတွင် အမျိုးသားများဖက်မှ ဦးဆောင်မှုနှင့် ထိန်းချုပ်ထားမှုမှာ အမျိုးသမီးများ ထက်သာလွန်နေသည်ကိုတွေ့ရသည်။ အကြောင်းမှာ အမျိုးသားအများစုအား အိမ်ထောင်ဦးစီးများဖြစ် သတ်မှတ်ထားခြင်း၊ မိသားစုအားဦးဆောင်ကြခြင်း၊ ဝင်ငွေကိစ္စရပ် များတွင် ဦးဆောင်ကြခြင်းအပြင် အချို့သောအမျိုးသမီးအများစုမှာ အမျိုးသားများ အပေါ်တွင်သာ မှီခိုအားထားပြုနေကြခြင်းတို့ကြောင့် ၄င်းကဏ္ဍအားလုံးတွင် အမျိုးသားများမှ သာလွန်ကြောင်း လေ့လာသုံးသပ်ရပါသည်။

## ၆.၅ ရာသီခွင်ပြဇယား




**ကမာကေးကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**

ရာသီဥတုအနေဖြင့် တန်ခူးလတွင် ပိုမိုပူပြင်းပြီး ဝါခေါင်လတွင် မိုးများပါသည်။ ပြာသိုလတွင် အအေးဆုံးလဖြစ်ပါသည်။ တန်ခူးလတွင် အလွန်ပူပြင်းပြီး သောက်သုံးရေ အလွန်ရှားပါးသည်။ ကဆုန်နှင့် နယုန်၊ ဝါဆို၊ ဝါခေါင် လများတွင် ရာသီဥတုအပြောင်းအလဲများကြောင့် ဖျားနာမှုများကြုံပါသည်။ ရေစီးရေလာမကောင်း၍ ခြင်းများပေါက်ဖွားခြင်း ဆေးဝါးအထောက် အကူနည်းပါးခြင်းကြောင့် ကျန်းမာရေးနှင့်ပတ်သက်သော အခက်အခဲများကြုံတွေ့ရပါသည်။


တန်ခူးလ၊ တော်တလင်းလ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ ပြာသိုလ၊ တပို့တွဲလ၊ တပေါင်းလများတွင် ဘုရားပွဲ၊ တရားပွဲများ၊ ရိုးရာပွဲတော်များရှိပါသည်။ ကဆုန်လတွင် ထွန်ယက်ကြပြီး နယုန်လ၊ ဝါဆိုလ၊ ဝါခေါင်လတို့တွင် ထွန်ယက်စိုက်ပျိုးကြသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွင် စပါးရိတ်သိမ်းကြပါသည်။ လယ်ယာလုပ်ငန်းတွင် တစ်နှစ်ဝင်ငွေအနေဖြင့် (၅) သိန်းခန့်ရှိသည်။ နေ့စားလုပ်ကိုင်မှုမှာ တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြပြီး ကျေးရွာတွင်သာမက တစ်ခြားသောကျေးရွာများတွင်လည် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စု (၅၀) ခန့်လုပ်ကိုင်စားသောက်ကြသည်။ တစ်နှစ်တာဝင်ငွေမှာ (၃) သိန်းခန့်ရရှိပါသည်။ ရေလုပ်ငန်းကို တစ်နှစ်ပတ်လုံး လုပ်ကိုင်စားသောက်ကြပြီးတစ်နှစ်တာ ဝင်ငွေမှာ (၃) သိန်းခန့်ရှိပါသည်။ တပေါင်း၊ တန်ခူးလတွင် ကျေးရွာတွင် နှစ်စဉ်ကျင်းပနေသော ကျောက်မဟွတ်ဘုရားပွဲကို ကျေးရွာတစ်ရွာလုံး ပါဝင်ဆင်နွဲကြပါသည်။


တပေါင်း၊ တန်ခူး၊ကဆုန်၊ နယုန်လများတွင် ရေရှားပါးသည့်အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ မွေးမြူရေလုပ်ငန်းများကို တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပြီး ငှင်းလုပ်ငန်းတွင် အမျိုးသမီးများ (၁၀%) ခန့် ပါဝင်လုပ်ကိုင်ကြပြီး ဝင်ငွေအနေဖြင့် တစ်နှစ်လျှင် (၂) သိန်းကျော်ခန့်ရှိကြောင်းသိရသည်။

လိုအပ်ချက်အနေဖြင့် မွေးမြူရေလုပ်ငန်းသုံး ပစ္စည်းများဈေးကြီး ခြင်း တိရစ္ဆာန်အစားစရိတ်ကြီးမားခြင်း စသောပြဿနာများရှိပါသည်။

စပါးစိုက်ပျိုးသည့် ကဆုန်၊ နယုန်လများနှင့် ကျေးရွာဓလေ့ပွဲတော်များ ပုံမှန်ကျင်းပပြုလုပ်လေ့ရှိသည့် ပြာသို၊ တပို့တွဲလနှင့် တန်ခူးလတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက ကျေးရွာလူထုများမအားလပ်သဖြင့် လူထုပူးပေါင်းပါဝင်မှု အပြည့်အဝရနိုင်မည်မဟုတ်ပေ။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု





**ကမာကေးကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ကျေးရွာတွင်ရှိသော အဆောက်အအုံများနှင့် အရင်းအမြစ်များသည် အမျိုးသားနှင့် အမျိုးသမီးများ ပိုင်ဆိုင်ကြသည်ကို တွေ့ရှိရပါသည်။ ထိန်းချုပ်မှုများတွင် အမျိုးသားများနှင့်အမျိုးသမီးများ နှစ်ဦးစလုံးထိန်းချုပ်မှု ရှိသည်ကိုတွေ့ရှိရပြီး၊ အမျိုးသားများ၏ ထိန်းချုပ်မှုလဲ အနည်းငယ်ရှိနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများ၏ ထိန်းချုပ်မှုလုံးဝမရှိသည်ကို တွေ့ရှိရပါသည်။ ထို့သို့ဖြစ်ရသည့် အကြောင်းရင်းများမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စကိုသာ ဦးစားပေးလုပ်ကိုင်နေခြင်း၊ ရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားပရဟိတလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်စားမှု မရှိခြင်းနှင့် အချိန်မပေးနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| | အမည် | တာဝန် | ကော်မတီ |
|---|---|---|---|
| ၁။ | ဦးတင်အောင် | ဥက္ကဌ | စီထောက် |
| ၂။ | ဒေါ်ခင်သိန်း | ဥက္ကဌ | |
| ၃။ | ဒေါ်သီရိမေ | ကိုယ်စားလှယ် | |
| ၄။ | ဦးကျော်ဝင်း | ခေါင်းဆောင် | ဝယ်ယူရေး |
| ၅။ | ဒေါ်သီရိမေ | အဖွဲ့ဝင် | |
| ၆။ | ဒေါ်တင်မိုးနိုင် | အဖွဲ့ဝင် | |
| ၇။ | ဒေါ်တင်မာရီ | ခေါင်းဆောင် | စောင့်ကြည့်ကြီးကြပ်ရေး |
| ၈။ | ဦးရွှေထွန်း | အဖွဲ့ဝင် | |
| ၉။ | ဦးသန်းနိုင် | ခေါင်းဆောင် | လည်ပတ်ထိန်းသိမ်းရေး |
| ၁၀။ | ဒေါ်ဝင်းမာကြည် | အဖွဲ့ဝင် | |
| ၁၁။ | ဦးလှမြင့် | ခေါင်းဆောင် | အကြံပြုတိုင်ကြားရေး |
| ၁၂။ | ဒေါ်အေးဝင်း | အဖွဲ့ဝင် | |
| ၁၃။ | ဒေါ်ရီရီချို ( ဒေါ်ညို) | အဖွဲ့ဝင် | |
| ၁၄။ | ဦးဖိုးချို | | စေတနာ့ဝန်ထမ်း |
| ၁၅။ | ဒေါ်အေးမော် | | |
| ၁၆။ | ဦးခင်မောင်လွင် | | စာရင်းကိုင် |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - ခ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်၊ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးအောင်ဝင်း | 09-452481066 | [illegible] |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| - မွန် | - ချောင်းဆုံ | - ကမာကေး | ကမာကေး |

(က)။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) မွန် | 479 | ဘာသာ (၁) ဗုဒ္ဓ | 479 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 223 | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) မွန် | 1286 | 1303 |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 307 | 172 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| | | | | | |
|---|---|---|---|---|---|
| [illegible] | ✓ | [illegible] | ✓ | [illegible] | ✓ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | [illegible] | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြ ဆရာ/မ | ☑ | ☑ | ဆရာဝန် | ☑ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြ ဆရာ/မ | ☑ | ☑ | လက်ထောက် ကျန်းမာရေးမှူး | ☑ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြ ဆရာ/မ | ☑ | ☑ | အမျိုးသမီး ကျန်းမာရေး ဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင် မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☑ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေး လုပ်သား | ☑ | ☑ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　တွန်တရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း　　မြေသားလမ်း　　လှည်းသွားလမ်း　　အခြား ____________


(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　　　　　　　　　　　　　　　　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　　ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　　နှစ် 2015 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ဝေးအကွာအဝေး



(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် [illegible] (မိုင်)

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန် ---- [illegible] ---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် -------------- [illegible] ---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ  ☐ ရှိပါသည်  ရှိလျှင်ဖော်ပြပါ ------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]
(၂) [illegible]
(၃) [illegible]

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း


ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ  ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်  အမည် [illegible]
လက်မှတ် [signature]  နေ့စွဲ 25.12.16

လူထုစည်းရုံးရေးမှူး  အမည် [illegible]
လက်မှတ် [signature]  နေ့စွဲ 25.12.16

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)


လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

| | |
|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒိုးဖြူဝင်း | |
| နေ့စွဲ - 23.12.16 | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း - မွန် | မြို့နယ် - ချောင်းဆုံ | ကျေးရွာအုပ်စု - ကမာကေး | ကျေးရွာ - ကမာကေး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 25.12.16 | 25.12.16 | 52 | 207 | 259 | မွန် - 259 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 27.12.16 | 27.12.16 | 43 | 212 | 255 | မွန် - 255 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 16.7.17 | 10.3.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 13.3.17 | 13.3.17 | 52 | 195 | 247 | မွန် - 247 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - မိုးမြင့်ဝင်း

| | |
|---|---|
| နေ့စွဲ · 27 · 12 · 16 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| - မွန် | - ချောင်းဆုံ | - ကမာကေး | ကမာကေး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)


| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေကြီးပါးသော ကြောင့် သောက်သုံးရေမလုံလောက်သည့်အခက်အခဲ | ၁ | ရေကြီးပါးသောကြောင့် သောက်သုံးရေမလုံလောက်သည့်အခက်အခဲ |
| ၂ | လမ်းရေမြုပ်နေသော ကြောင့် လမ်းများပျက်စီးသွားရသည့်အခက်အခဲဖြစ် | ၂ | လမ်းရေမြုပ်နေသော ကြောင့် လမ်းများ ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း |
| ၃ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် ဝင်ငွေနည်းခြင်း၏ အခက်အခဲ | ၃ | စာသင်ကျောင်းဆောင်မလုံလောက်၍ ကလေးများ စာသင်ကြားရန် အခက်အခဲရှိခြင်း |
| ၄ | အမှိုက်များပစ်ဆိုနေ၍ ရေဆိုးရေလာမကောင်းသည့်အခက်အခဲ | ၄ | အမှိုက်များပစ်ဆိုနေ၍ ရေဆိုးရေလာ မကောင်းသည့်အခက်အခဲ |
| ၅ | လက်ရှိကျောင်းဆောင်နှင့် ကျောင်းသားဦးရေ မဆံ့သောကြောင့် ကလေးများစာသင်ကြားရန်အခက်အခဲရှိခြင်း | ၅ | ဈေးဆောင်းရှိနေရာအခက်အခဲရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်ရှိလမ်းများအားလုံးကောင်းမွန်လာပေရမည် | ၁ | ကျေးရွာတွင်းရှိလမ်းများအားလုံးကောင်းမွန်လာပေရမည် |
| ၂ | သောက်သုံးရေလုံလောက်စွာရရှိလာရမည် | ၂ | သောက်သုံးရေလုံလောက်စွာရရှိလာရမည် |
| ၃ | ကလေးများကောင်းမွန်စွာပညာသင်ကြားလာနိုင်ရမည် | ၃ | ကလေးများကောင်းမွန်စွာပညာသင်ကြားလာနိုင်ရမည် |
| ၄ | ရေဆိုးရေလာကောင်းမွန်သောကျေးရွာဖြစ်လာရမည် | ၄ | ရေဆိုးရေလာကောင်းမွန်သောကျေးရွာဖြစ်လာရမည် |
| ၅ | အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာရမည် | ၅ | စနစ်ကျသောဈေးရှိလာရမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေရရှိရေးလုပ်ငန်း (အဝီစိ၊ ရေတိုင်ကီ၊ ရေစစ်၊ [illegible]) | ကျား + မ | 21,100,000 | 2589 |
| ၂. | မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း (အရှေ့ဗိုင်လမ်း + နတ်စင်လမ်း၊ ၂) | ကျား + မ | 24,200,000 | 2589 |
| ၃. | စာသင်ကျောင်းပြုပြင်ခြင်းလုပ်ငန်း (အ.မ.က [illegible] ကျောင်း) | ကျား + မ | 8000000 | 2589 |




ယ။ လုထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား...

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | မ | |
| ၂ | မှိုပြင်သင်တန်း | ကျား/မ | |
| ၃ | စက်ပြင်သင်တန်း | ကျား | |
| ၄ | ဆိုင်ကယ်ပြုပြင်သင်တန်း | ကျား | |
| ၅ | အလှပြင်သင်တန်း | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [signature] နေ့စွဲ 27.12.16

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



...ဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ... ၁၀.၂၀၁၆

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

... စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုး... ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲ... မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ...

...အမည် - ဒေါ်နိုးဖြူဝင်း

နေ့စွဲ -

ပြည်နယ်/တိုင်း - မွန် | မြို့နယ် - ချောင်းဆုံ


စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ကျေးရွာအုပ်စု - ကမာကေး

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ကမာကေး | အရှေ့ပိုင်းလမ်း၊ ကွန်ကရစ်လမ်း ခင်းခြင်း။ | 198'x12'x06" | 2589 | ☐ ကျား ☐ မ ☐ ကျား+မ | 3500000 | | | | 3500000 |
| ထောက်ကပူး | ရေပေးဝေရေး လုပ်ငန်း။ အဝီစိတွင်း(၁)တွင်း၊ ရေလှောင်ကန်၊ ရေစက်ရုံ၊ ရေပိုက်သွယ်တန်း ခြင်း။ | (2"φ190' Tube well, gal 10000 (24'x12'x6'), (12'x6'x7'), (2"φ PVC pipe line 7534') | | ☐ ကျား ☐ မ ☐ ကျား+မ | 24400000 | | | | 24400000 |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |

...ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် [illegible] လက်မှတ် [signature] ရက်စွဲ 9.[illegible].17

## ၁၃။ အစည်းအဝေးမှတ်တမ်းများ



အစည်းဝေးမှတ်တမ်း

ကျေရွာအမည် - ကမာကေးကျေးရွာ
ကျေးရွာအုပ်စု - ကမာကေးကျေးရွာ
ရက်စွဲ - 25.12.16
စတင်ချိန် - 11:00 နာရီ
ပြီးဆုံးချိန် - 3:00 နာရီ
အကြောင်းအရာ - ပထမအကြိမ်
အစီရင်ခံတင်ပြသူ - မိုးဖြူဝင်း (CF)
ဦးဆောင်ဆွေးနွေးသူ - ဦးရန်နောင်၊ ဦးဟိန်းဆက်အောင်၊ ဒေါ်မိုးဖြူဝင်း၊ ဒေါ်ခင်ဇာခြည်လင်း

ကမာကေးကျေးရွာအုပ်စု ကမာကေးကျေးရွာ (၂၅.၁၂.၂၀၁၆) ရက်နေ့ (၁၁း၀၀) နာရီတွင် ပထမအကြိမ်အစည်းဝေးကို စတင်ပြုလုပ်ခဲ့ပါသည်။ အိမ်ထောင်စု (၂၅၅) ဦးတက်ရောက်ခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ပထမနှစ်စီမံကိန်း ပြီးဆုံးသွားပြီးဖြစ်၍ ဒုတိယနှစ် စီမံကိန်းစတင် အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးရေးကို အဓိကထား လုပ်ဆောင်သော လုပ်ငန်းဖြစ်ပြီး တစ်ဦးတစ်ယောက်တည် လုပ်ဆောင်လို့ရသော လုပ်ငန်းမဟုတ်သောကြောင့် စုစည်းပြီးလုပ်ဆောင်ရမည်ဖြစ်ကြောင်း လူတိုင်းတွင်တာဝန်ရှိပါကြောင်း လူဟောင်းနှင့်လူသစ် ပူးပေါင်းလုပ်ဆောင်ကြစေလိုကြောင်း ရွာသူရွာသားများမှလည် ကျေးရွာ၏ အမှန်တကယ် လိုအပ်ချက်များကိုသာ တင်ပြစေလိုကြောင်း ကော်မတီရွေးချယ်ရာတွင်လည် အမှန်တကယ် လုပ်ကိုင်နိုင်သော လူကိုသာရွေးချယ်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

စီမံကိန်းမိတ်ဆက် (၁၅)ချက် ကို ဦးရန်နောင်မှ တင်ပြဆွေးနွေးခဲ့သည်။ စီမံကိန်းစက်ဝန်း အပိုင်း(၆)ပိုင်း ကို တင်ပြဆွေးနွေးခဲ့သည်။ အဓိကပါဝင်သူများ၏ အခန်းကဏ္ဍကို ဦးဟိန်းဆက်အောင်မှ တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် စေတနာဝန်ထမ်းရွေးချယ်ရန်အတွက် စေတနာဝန်ထမ်း၏ တာဝန်ဝတ္တရာများကို ရှင်းပြခဲ့သည်။ စေတနာဝန်ထမ်း (၂) ဦး ဒေါ်အေးမော် နှင့် ဦးဖိုးချို တို့ကို ရွေးချယ်ခဲ့ပါသည်။

တက်ရောက်လာသူများအား အဖွဲ့(၃)ဖွဲ့ခွဲပြီး PRA Tools သုံးသပ်ခဲ့ပြီး ပြန်လည်တင်ပြဆွေး နွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုနောက်တက်ရောက်လားသူများအား ကျေးဇူးတင်စကားပြောကြာပြီး အစည်းဝေးကို ညနေ (၃း၀၀) အချိန်တွင် ပိတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

## အစည်းဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာအမည် | - ကမာကေးကျေးရွာ |
| ကျေးရွာအုပ်စု | - ကမာကေးကျေးရွာ |
| ရက်စွဲ | - 27.12.16 |
| စတင်ချိန် | - 11:00 နာရီ |
| ပြီးဆုံးချိန် | - 3:00 နာရီ |
| အကြောင်းအရာ | - ဒုတိယအကြိမ်အစည်းဝေး |
| အစီရင်ခံတင်ပြသူ | - မိုးဖြူဝင်း (CF) |
| ဦးဆောင်ဆွေးနွေးသူ | -မိုးဖြူဝင်း၊ ခင်ဇာခြည်လင်း၊ ရန်နောင်၊ ဟိန်းဆက်အောင် |

ကမာကေးကျေးရွာအုပ်စု ၊ ကမာကေးကျေးရွာ (27.12.16) ရက်နေ့တွင် ဒုတိယအကြိမ်အစည်းဝေးကိုနေ့လယ် (၁၁း၀၀) နာရီတွင် ပြုလုပ်ခဲ့ပါသည်။ အိမ်ထောင်စု (၂၅၅) စု တက်ရောက်ခဲ့ပါသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး အဖွင့်အမှာစကားပြောကြားခဲ့သည်။ အမျိုးသား အမျိုးသမီးနှစ်ဖွဲ့ခွဲပြီး အခက်အခဲပြဿနာ၊ မျှော်မှန်းချက် ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ထုတ်ဆွေးနွေးခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ရွေးချယ်ရာတွင် အမှန်တကယ်လိုအပ်ချက်များကိုသာ တင်ပြဆွေးနွေးပေးကြရန် ဆွေးနွေးခဲ့သည်။ ကျေးရွာဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့သည်။ ရေရရှိရေး ( အဝီစိ၊ ပိုက် ၊ ရေစည်၊ စက်)၊ လမ်းတံတားပြုပြင်ခြင်း အရှေ့ပိုင်လမ်း၊နတ်စင်လမ်း၊ မြောက်ပိုင်လမ်း) ၊ အ.မ.က (မြောက်)ကျောင်းပြုပြင်ခြင်း၊ ရေမြောင်းတူးဖော်ခြင်း၊ ဈေးပြုပြင်ခြင်း လုပ်ငန်းများကို ကျေးရွာလူထုမှ တင်ပြရွေးချယ်ခဲ့ကြသည်။ ထို့နောက် ကော်မတီဝင်များရွေးချယ်ရာတွင် ကျေးရွာလူထုမှအဆိုပြုသော ကော်မတီဝင်(၁၆)ဦး ရွေးချယ်ခဲ့ပါသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အစည်းဝေးတက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားပြီး အစည်းဝေးကို ညနေ (၃း၀၀)တွင်ပြီးဆုံးခဲ့သည်။

မှတ်တမ်းတင်သူ

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ရေအရင်းအမြစ်နည်းပါးသဖြင့် သန့်ရှင်းသော သောက်သုံးရေခက်ခဲခြင်း |
| ၂ | ကျား/မ | လမ်းများရေမြုပ်နေ၍ သွားလာရခက်ခဲသည့် အခက်အခဲ |
| ၃ | ကျား/မ | ပညာရေးအခြေခံအဆောက်အဦမရှိသဖြင့် ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အခြားကျေးရွာများတွင် တက်ရောက်ရသဖြင့် အခက်အခဲကြုံတွေ့ရခြင်း |
| ၄ | ကျား/မ | ကျေးလက်ဆေးပေးခန်းမရှိသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း။ အခြားကျေးရွာများတွင် သွားရောက်ပြသရသဖြင့် အခက်အခဲကြုံတွေ့ရခြင်း။ |
| ၅ | ကျား/မ | ချောင်းကောနေ၍ ရေစီးရေလာမကောင်းသည့်အခက်အခဲ |
| ၆ | ကျား/မ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ၊ အသိပညာများအားနည်းခြင်းကြောင့် ဝင်ငွေရရှိမှုနည်းပါးပြီး စားဝတ်နေရေးကျပ်တည်း ခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | ကျေးရွာသူ/သားများ လုံလောက်စွာအသုံးပြုနိုင်မည့် သောက်သုံးရေအရင်းအမြစ်များ ရှိနှင့်ပြီးလက်လှမ်းမီစွာ အသုံးပြုနိုင်ရမည်။ |
| ၂ | ကျား/မ | ကျေးရွာတွင်းရှိ လမ်းများအားလုံးသည် ကောင်းမွန်ပြီးဖြစ်ရမည်. |
| ၃ | ကျား/မ | ကျေးရွာအတွင်းရှိ ကလေးသူငယ်များ လက်လှမ်းမီစွာတက်ရောက်သင်ကြားနိုင်ရန် အခြေခံပညာရေးအဆောက်အဦများရှိနှင့်ပြီးဖြစ်ရမည်။ |
| ၄ | ကျား/မ | ကျေးရွာသူ/သားများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲများ/ အခြေခံအဆောက်အဦများ ရှိနှင့်ပြီးဖြစ်ရမည်။ |
| ၅ | ကျား/မ | ရေစီးရေလာကောင်းမွန်သော ချောင်း၊ မြောင်းများရှိနှင့်ပြီးသာဖြစ်ရမည်။ |
| ၆ | ကျား/မ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင် ရမည်။ |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | စက်ချုပ်သင်တန်း | မ | | |
| | ၂ | ဖုန်းပြုပြင်နည်းသင်တန်း | ကျား | | |
| | ၃ | မိတ်ကပ်နှင့်အလှပြုပြင်ရေးသင်တန်း | မ | | |
| | ၄ | အင်္ဂလိပ်စကားပြောသင်တန်း | ကျား/မ | | |
| | ၅ | ကွန်ပျူတာသင်တန်း | ကျား/မ | | |
| အခြေခံအဆောက်အဦ | ၁ | ရေတွင်းတူးဖော်ခြင်း | ကျား/မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။